# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 18, 2024 Volume 80, Number 14


၁၈.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၇.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၇၄ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်စုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သိန်းမြင့်က ပြောပြ၍သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပုစွန်အစုံပိဿာချိန် ၇၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူကာ စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ပုစွန်အစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင် ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသကနေ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သိန်းမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် ငွေကျပ် ၁၇,၅၀၀ မှ ၁၉,၅၀၀၊ ပုစွန်ဆိပ်အသေး

ငွေကျပ် ၁၆,၅၀၀ မှ ၁၈,၅၀၀၊ ပုစွန်ဆိပ်ကြီး ငွေကျပ် ၁၆,၅၀၀ မှ ၁၇,၅၀၀ ၊ ပုစွန်တုပ် ငွေကျပ် ၃၀,၅၀၀ မှ ၃၂,၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်လည်းရှိကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြ၍သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်မေလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၆၆,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် ၈၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာလို့သိရတယ်။ တင်ပို့ရောင်းချအား တက်လာတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက်ဝယ်လိုအားရှိလာတာကြောင့် တင်ပို့ရောင်းချအားပါတက်လာတာပါ။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ငပုတောမြို့နယ်ဘက်မှာ အရင်ကထက် လုပ်ကိုင်သူတွေပိုများလာပါတယ်" ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ငပုတောမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးပြီးချိန်ကစ၍ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ် တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ၁၈ တင်းမှ ၂၇ တင်းထိထွက်ရှိကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၈,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငရုတ်သီးစိမ်း ပိဿာချိန် ၇၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀ ဈေးပေါက်ခဲ့ကြောင်းသိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးစိမ်း ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်လယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းထဲက အခြားမြို့နယ်တွေအပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးအရည်အသွေးကောင်းတော့ မှာယူတဲ့သူကလဲများနေပါတယ်။ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့်ဖြစ်ပါတယ်။ လက်ရှိ ငရုတ်သီးစိမ်း ၁၀ ပိဿာကို ငွေကျပ် ၅၀၀၀ ဈေးပေါက်နေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေကပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားကောင်းလာခြင်း၊ ငရုတ်အရည်အသွေးကောင်းလာခြင်းကြောင့် တောင်သူများ၊ အလုပ်သမားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်းသိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## မြန်မာနိုင်ငံနှင့်ရေကြောင်းကုန်သွယ်မှု ထိုင်းနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုရှိ

နယ်စပ်ဒေသက ထိတွေ့တိုက်ပွဲတွေကြောင့် ပြောင်းလဲလိုက်ရတဲ့ မြန်မာ-ထိုင်း ရေကြောင်းကုန်သွယ်မှုပုံစံသစ်ဟာ ထိုင်းနိုင်ငံအတွက် အကျိုးရှိမှာဖြစ်ကြောင်း ပို့ဆောင်ရေးဒုဝန်ကြီး Manaporn Charoensri က ပြောပါတယ်။

ရနောင်းဆိပ်ကမ်းမှာ ကုန်တင်/ကုန်ချဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်လာခြင်းကြောင့် ထိုင်းအစိုးရရဲ့ ကုန်းမြေတံတား စီမံကိန်း (Land Bridge) အတွက် သိသာထင်ရှားတဲ့တိုးတက်မှုကို တွေ့ရနိုင်တယ်လို့ဆိုပါတယ်။

ထိုင်းနဲ့နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ရပ်ဆိုင်းသွားတာကြောင့် လုပ်ငန်းရှင်တွေဟာ ၎င်းတို့ရဲ့ ပို့ကုန်/သွင်းကုန်တွေကို တာ့ခ်ခရိုင် မဲဆောက်မှာ ကုန်တင်ယာဉ်နဲ့ပို့ဆောင်ရမဲ့အစား ရနောင်းဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံကို သင်္ဘောနဲ့ တင်ပို့နေတာပါ။ ထိုင်းဆိပ်ကမ်းအာဏာပိုင် (PAT) အနေနဲ့ ရနောင်းဆိပ်ကမ်းက အဆောက်အအုံနဲ့ ဝန်ထမ်းတွေကို မြန်မာနိုင်ငံကနေ ဝင်ရောက်လာမဲ့ ပို့ကုန်တွေအတွက် အဆင့်သင့်ဖြစ်စေဖို့ ညွှန်ကြားထားပါတယ်။

ဒါဟာ ထိုင်းတောင်ပိုင်းပင်လယ်တွေကနေ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းတွေပြန်ဖွင့်ဖို့ အခွင့်ကောင်းပါပဲလို့ မာနာပွန်က ဆိုပါတယ်။ ထိုင်းပင်လယ်ကွေ့နဲ့ ကပ္ပလီပင်လယ်ကို ဆက်သွယ်ပေးမဲ့ တံတားတည်ဆောက်ဖို့ အစိုးရရဲ့ ကုန်းမြေတံတား စီမံကိန်းကိုလည်း အထောက်အကူပြုမှာပါလို့ သူမက ဆက်ပြောပါတယ်။

PAT ညွှန်ကြားရေးမှူးချုပ် Kriangkrai Chaisiriwongsuk က ရနောင်းဆိပ်ကမ်းကနေ MCL-4 နှင့် Beypore Sultan အပါအဝင် မြန်မာနိုင်ငံမှ ပထမဆုံးကုန်တင်သင်္ဘောများကို ဇူလိုင်လ ၅ ရက်နဲ့ ၈ ရက်တို့မှာ ကြိုဆိုခဲ့ကြောင်း ပြောကြားထားပါတယ်။

MCL-4 သင်္ဘောနှစ်စင်းက ရန်ကုန်မြို့ကနေ ရောက်ရှိလာပြီး သွင်းကုန်ပစ္စည်းတွေ ထည့်သွင်းထားတဲ့ ကုန်သေတ္တာ ၃၉ လုံး တင်ဆောင်လာခဲ့ပါတယ်။

ထိုင်းပို့ကုန်တွေပါဝင်သော ကွန်တိန်နာ ၅၆ လုံးနဲ့အတူ ပြီးခဲ့တဲ့ သောကြာနေ့မှာ ထိုင်းနိုင်ငံကနေထွက်ခွာခဲ့ပြီး Beypore Sultan က ကွန်တိန်နာ ၅၆ လုံးနဲ့ ရောက်ရှိလာကာ ၃၅ လုံး တင်ဆောင်ပြီး ထွက်ခွာသွားပါတယ်။

သင်္ဘောနှစ်စင်းဟာ ထိုင်းနိုင်ငံကိုသယ်ဆောင်လာတဲ့ ကုန်စည်တွေထဲမှာ စိုက်ပျိုးရေးထွက်ကုန်တွေပါဝင်ပြီး ထိုင်းကနေ လျှပ်စစ်ပစ္စည်းနဲ့ဆောက်လုပ်ရေးပစ္စည်းတွေ တင်ဆောင်ကာ ထွက်ခွာသွားကြောင်း ထိုင်းဆိပ်ကမ်းအာဏာပိုင်က ထုတ်ပြန်ထားပါတယ်။

**Source: BETV Business ၊ ကိုးကား - Bangkok Post**

## ဇွန်လအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၁၆၀,၀၀၀ ကျော်တင်ပို့ခဲ့

ပြီးခဲ့သည့် ဇွန်လအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၆၀,၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ ဧပြီလတွင် တန်ချိန် ၁၁၁,၈၆၂ တန် တင်ပို့မှုမှ ဒေါ်လာ ၅၅ သန်း၊ မေလတွင် တန်ချိန် ၇၁,၂၇၉ ဒသမ ၅ တန်တင်ပို့မှုမှ ဒေါ်လာ ၃၆ သန်းနှင့် ဇွန်လတွင် တန်ချိန် ၁၆၂,၃၂၅ ဒသမ ၇၅ တန်တင်ပို့မှု ဒေါ်လာ ၈၄ သန်း ရရှိထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် သုံးလအတွင်း စုစုပေါင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု ဒေါ်လာ ၃၄၅,၄၆၇ ဒသမ ၃ တန်တင်ပို့မှုမှ ဒေါ်လာ ၁၇၅ သန်းရရှိထားပြီး ဇွန်လတွင် တင်ပို့မှုအများဆုံးဖြစ်ခဲ့ကြောင်း ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၅ သန်းအထိ တိုးမြှင့်တင်ပို့ပြီး နိုင်ငံခြားဝင်ငွေ ဒေါ်လာတစ်ဘီလျံကျော်အထိ ပို့ကုန်ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ မိနီဘတ်ဂျက်ကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တစ်လလျှင် တန်ချိန် သောင်းဂဏန်းမျှသာ တင်ပို့နိုင်ခဲ့ပြီး ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် တန်ချိန် ၁ ဒသမ ၆ သန်းကျော်သာ တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် တိုးမြှင့်တင်ပို့သွားရန် ရည်မှန်းဆောင်ရွက်နေကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## ဝယ်လိုအားများမြင့်တက်လာခြင်းကြောင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်များတင်ပို့မှု တိုးမြင့်လာ

အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၏ ၂ လအတွင်း ဆော်ဒီအာရေးဗီးယားနှင့် အီရတ်တို့ကဲ့သို့သော အနောက်အာရှမှ ဝယ်လိုအားများလာခြင်းကြောင့် ၁၃ ရာခိုင်နှုန်းခန့် တင်ပို့မှုများ တိုးမြင့်လာခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံသည် ဆန်တန်ချိန် ၂ ဒသမ ၁၈ သိန်းကျော်ဖြင့် ဝယ်လိုအား အများဆုံးနိုင်ငံဖြစ်ပြီး လွန်ခဲ့သည့်နှစ်က ဝယ်ယူတင်သွင်းခဲ့သည့် ဆန်တန်ချိန် ၁ ဒသမ ၅၄ သိန်းထက် ၄၁ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။ ငွေတန်ဖိုးအရ အိန္ဒိယနိုင်ငံမှ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်က တန်ဖိုးဒေါ်လာ ၁၇၇ သန်းသို့ ၁၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။

အလားတူပင် ဒုတိယအများဆုံးဝယ်ယူသော အီရတ်နိုင်ငံသို့ ဘာစမာတီဆန်များတင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅၇ သိန်း ရှိပြီး ယခင်နှစ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ငွေတန်ဖိုးအားဖြင့် လွန်ခဲ့သောနှစ်၏ အလားတူကာလက အီရတ်သို့ တင်ပို့ခဲ့သော တန်ဖိုးဒေါ်လာ ၁၃၀ ဒသမ ၈၄ သန်းမှ ဒေါ်လာ ၁၆၁ ဒသမ ၇၂ သန်းသို့ ၂၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

အီရန်နိုင်ငံမှာ အိန္ဒိယနိုင်ငံမှ တတိယအများဆုံး ဝယ်ယူသောနိုင်ငံဖြစ်သည်။ သို့သော် အီရန်နိုင်ငံသို့ တင်ပို့မှုမှာ လွန်ခဲ့သော နှစ်က တင်ပို့ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅၃ သိန်းမှ ၁ ဒသမ ၁၆ သိန်းသို့ ၂၄ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။ တန်ဖိုးအားဖြင့် အီရန်သို့ ဘာစမာတီဆန်တင်ပို့မှုသည် ဒေါ်လာ ၁၅၅ သန်းမှ ဒေါ်လာ ၁၁၅ ဒသမ ၅၃ သန်းသို့ ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။

အမေရိကန်နိုင်ငံမှာ စတုတ္ထအများဆုံး ဝယ်ယူသောနိုင်ငံဖြစ်ပြီး ဆန်တန်ချိန် ၄၆ ၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၄၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၁ ဒသမ ၄၇ သန်းမှ ဒေါ်လာသန်း ၆၀ သို့ ၄၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘာစမာတီဆန် အများဆုံးထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဘာစမာတီဆန်များတင်ပို့မှုသည် တန်ချိန် ၅ ဒသမ ၂၄ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ပမာဏအားဖြင့် ၁၅ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅ ဒသမ ၈၃ ဘီလီယံ ကျော်လွန်ခဲ့သည်။ အနောက်အာရှနိုင်ငံများသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်ကို အများဆုံးဝယ်ယူသော နိုင်ငံများဖြစ်ပြီး တင်ပို့ရောင်းချမှု၏ သုံးပုံတစ်ပုံခန့်ရှိသည်။

**Source: thehinduburinessline**

**Source: https://www.doca.gov.mm**

## ဂျပန်နိုင်ငံမှ တင်သွင်းခဲ့သည့် ကုန်စည်များ၏ ၄၀ ရာခိုင်နှုန်းနီးပါးမှာ တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံတစ်နိုင်ငံတည်းမှ တင်သွင်းခဲ့

ဂျပန်နိုင်ငံအနေဖြင့် G-7 အဖွဲ့ဝင်နိုင်ငံများထက် လူသုံးကုန်နှင့်စက်မှုထုတ်ကုန်အမြောက်အမြားကို တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံတစ်နိုင်ငံတည်းမှ တင်သွင်းရမှုအပေါ် အလွန်အမင်းမှီခိုအားထားနေရကြောင်း၊ ဂျပန်အစိုးရကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ အရ သိရသည်။

အဆိုပါသတင်း၌ ၉-၇-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်၌ ဂျပန်၊ အမေရိကန်၊ ဂျာမနီနှင့် G-7 အဖွဲ့မှတင်သွင်းခဲ့သည့် ကုန်စည် ၄၃၀၀ နီးပါးကို လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ကြောင်း၊ ဆန်းစစ်မှုပြုလုပ်ရာတွင် Herfindahl-Hirschman Index (HHI)ညွှန်းကိန်းဖြင့် တိုင်းတာခဲ့ကြောင်း၊ HHI ညွှန်းကိန်းဆိုသည်မှာ ဈေးကွက်စုစည်းမှုအခြေအနေကို တိုင်းတာသည့်ညွှန်းကိန်းဖြစ်ပြီး၊ ညွှန်းကိန်း ၅၀ နှင့်အထက်ဆိုသည်မှာ တင်သွင်းသည့်ကုန်စည်ထက်ဝက်ကျော်မှာ နိုင်ငံတစ်နိုင်ငံတည်းကို မှီခိုအားထားနေရသည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှတင်သွင်းသော ကွန်ပျူတာမှသည် ဓာတုပစ္စည်းများအထိ ကုန်စည်များ၏ ၄၀ ရာခိုင်နှုန်းနီးပါး၏ HHI ညွှန်းကိန်းမှာ ၅၀ အထက်ရှိသည်ကို တွေ့ရှိရကြောင်း၊ G-7 အဖွဲ့မှ တင်သွင်းသည့်ကုန်စည်များ၏ ၅ ရာခိုင်နှုန်းနီးပါးတွင်သာ HHI ညွှန်းကိန်း ၅၀ အထက်ရှိကြောင်း၊ အလားတူ ဂျာမနီနိုင်ငံမှတင်သွင်းသည့် ကုန်စည်များ၏ ၁၀ ရာခိုင်နှုန်းနီးပါးနှင့် အမေရိကန်မှတင်သွင်းသည့် ကုန်စည်များ၏ ၂၀ ရာခိုင်နှုန်းနီးပါးတွင်သာ HHI ညွှန်းကိန်း ၅၀ အထက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့် ကုန်စည် ၄,၃၀၀ ၏ ၃၀ ရာခိုင်နှုန်းနီးပါးဖြစ်သော ကုန်စည် ၁,၄၀၆ ခု၏ တင်သွင်းမှု စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှလည်းကောင်း၊ ကုန်စည် ၂၅၂ ခုကို အမေရိကန်နိုင်ငံမှလည်းကောင်း၊ ကုန်စည် ၁၅၁ ခုကို တောင်ကိုရီးယားနိုင်ငံမှလည်းကောင်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့သည့်ကုန်စည်များ၏ ၅၆၇ ခု၏ HHI ညွှန်းကိန်းမှာ ၅၀ အထက်ရှိပြီး၊ ကုန်စည်များကို အဓိကအားဖြင့် တရုတ်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ ဂျာမနီနိုင်ငံမှ တင်သွင်းခဲ့သည့် ကုန်စည် ၂၂၁ ခု၏ HHI ညွှန်းကိန်း မှာ ၅၀ အထက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ အဓိကတင်သွင်းနေရသည့် ကုန်စည်များမှာ Laptop Computers ၊ လေအေးပေးစက်၊ Organic Chemicals နှင့် မြေရှားသတ္တုများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ တင်သွင်း၍ သုံးစွဲနေရသည့် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော Laptops နှင့် အဝတ်လျှော်စက်တို့၏ ၉၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှ တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ ထို့အတူ ဓာတ်မြေဩဇာ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် Phosphorus ကိုလည်း တရုတ်နိုင်ငံမှ အဓိကဝယ်ယူတင်သွင်းနေရကြောင်း ဖော်ပြထားသည်။

ကုန်စည်များ ဖြန့်ကျက်ဝယ်ယူနိုင်မှုအခြေအနေဖြင့် တိုင်းတာမည်ဆိုပါကလည်း ဂျပန်နိုင်ငံအနေဖြင့် G-7 အဖွဲ့ဝင်နိုင်ငံများ၏ နောက်တွင်သာရှိကြောင်း၊ မည်သည့် G-7 အဖွဲ့ဝင်နိုင်ငံကမျှ ကုန်စည်များကို တစ်နိုင်ငံတည်းမှ အများအပြား တင်သွင်းခြင်းမျိုးမရှိကြောင်း၊ G-7 အဖွဲ့ဝင်နိုင်ငံများ၏ ၄ ပုံ ၃ ပုံမှာ အနည်းဆုံး ၄ နိုင်ငံမှ ကုန်စည်များကို ဖြန့်ကျက်တင်သွင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

**Source: The Nikkei Asia**

https://myantrade.gov.mm/

# STOCK EXCHANGE (18.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Jul. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,800 | 9,000 | 8,800 | 173 | 1,551,500 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 113 | 389,850 | 38,929,150 | 134,306 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 2,138 | 3,529,600 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 390 | 1,055,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 769 | 1,268,850 | 19,977,223 | 32,962 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 3,750 | +100 | +2.74% | 3,650 | 3,750 | 3,650 | 3,058 | 11,341,200 | 23,804,946 | 89,269 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary


## Market summary

As of 18th Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.26 | +0.73 | +0.18% | 406.70 | 412.26 | 406.70 | 6,641 | 19,136,000 | 8 | 777,595 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

## Main Board

As of 1:00 pm, 18th Jul. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,641 (Shares) | 19,136,000 (MMK) |

| MYANPIX | 412.26 ▲ 0.73 |
|---|---|
| Total Volume (shares) | 6,641 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,595 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,750 | ▲ 100 |